EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၃၀)၊ မေ ၁၆ ရက်၊ ၂၀၁၇

## တိုင်းနှင့်ပြည်နယ်များ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲခွင့် UPDJC သဘောတူ

မေ ၁၂၊ ၂၀၁၇

နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်နှင့်အညီ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိစေရေးအတွက် ပြည်နယ်များအားလုံး ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရေးဆွဲခွင့်ကို ယနေ့နေပြည်တော်တွင် ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)က သဘောတူခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ပါဝင်သူ ပအိုဝ်အမျိုးသားအဖွဲ့ချုပ်မှ ဗိုလ်မှူးကြီးခွန်ဥက္ကာက "ပြည်နယ်ဖွဲ့စည်းပုံရေးခွင့်ရှိခြင်းက ပြည်နယ်ရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုလိုက်တာပဲ"ဟုနံနက်ပိုင်းဆွေးနွေးမှုအပြီးတွင် မီဒီယာများသို့ ပြောသည်။

UPDJC ၏ ယနေ့ နံနက်ပိုင်း ဆွေးနွေးပွဲတွင် နိုင်ငံရေးကဏ္ဍအောက်ရှိ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး၊ ဖက်ဒရယ်ပြည်ထောင်စုမူ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးစသည့် အချက် ၇ ချက်ကို ဆွေးနွေးရာ ဘာသာရေးနှင့် နိုင်ငံရေး ရောယှက်သည့် ကိစ္စတစ်ခုမှလွဲ၍



ကျန်ခေါင်းစဉ်များကို အတည်ပြုနိုင်ခဲ့သဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ ဆက်လက်တင်ပြသွားမည်ဟု သိရသည်။

သို့သော် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျင့်သုံးဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ဖွဲ့စည်းပုံနှင့် ဆန့်ကျင်ကွဲလွဲ၍ မရဘဲ အငြင်းပွားဖွယ်ကိစ္စရပ်များရှိပါက ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံနှင့် အာဏာပိုင်တို့၏ အဆုံးအဖြတ်အောက်တွင် ရှိရမည်ဟု သဘောတူခဲ့ရကြောင်း ပအိုဝ်အမျိုးသားအဖွဲ့ချုပ်ထံမှ သိရသည်။

ပြည်နယ်ဖွဲ့စည်းပုံက ခန့်အပ်သည့် ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားရုံးများကို ဖွဲ့စည်းပုံနဲ့အညီ ကျင့်သုံးနိုင်ပြီး ဥပဒေအရ ပေးအပ်ထားသည့် ပြည်နယ်တွင်း လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုအဆင့်က စွက်ဖက်၍ မရနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့က ရှမ်းပြည်နယ်အစိုးရကို သစ်ပင်တွေပြန်စိုက်ပါလားလို့ ပြောတော့မရဘူး။ ပြည်ထောင်စုအဆင့် သစ်တောဝန်ကြီးကိုမေးရဦးမယ်တဲ့။ အဲလိုမရှင်းလင်းရင် တိုင်းပြည်မတိုးတက်တော့ဘူး။ ပြည်နယ်ရဲ့လုပ်ပိုင်ခွင့် ရှင်းရှင်းလင်းလင်းဖြစ်သွားရင် အဲဒါကို ပြည်ထောင်စုက ပြန်ရုပ်သိမ်းလို့မရတော့ဘူး"ဟု ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိစ္စ ဆွေးနွေးရာတွင် "ခွဲမထွက်ရ"ဆိုသည့် စာသားကို တပ်မတော်က ထည့်ခိုင်းကြောင်း၊ ခွဲမထွက်ရဆိုခြင်းသည် ပြည်ထောင်စု မပြိုကွဲရေးနှင့် အဓိပ္ပာယ်တူကြောင်း၊ တပ်မတော်က ဒီ့တာဝန်အရေး ၃ ပါးကို စောင့်ရှောက်ချင်သည့် သဘောထားမျိုးရှိကြောင်းလည်း UPDJC အစည်းအဝေး တက်ရောက်ခဲ့သူများက ပြောသည်။

*ကိုးကား- ဧရာဝတီ https://burma.irrawaddy.com*

### သတင်းဓာတ်ပုံ




ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် The Asia Foundation တို့ ပူးပေါင်းကျင်းပသော "ကရင်ပြည်နယ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဦးစားပေးကဏ္ဍများနှင့် ဘတ်ဂျက်ဆိုင်ရာလုပ်ငန်း အစည်းအဝေး"ကို ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမတွင် ကျင်းပနေစဉ်။ ၎င်းအစည်းအဝေးသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပါသည်။
*(ကိုးကား - Kayin State Hluttaw Facebook Page)*

EMReF မှပြုစုသော "၂၀၁၀-၂၀၁၅ မြန်မာနိုင်ငံ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ စွမ်းဆောင်ရည် လေ့လာသုံးသပ်မှုအစီရင်ခံစာ" PDF ဖိုင်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် www.mypilar.org en/publication/performance-analysis-state-and-region-hluttaws-local-legislatures-myanmar-2010-2015 တွင် ရယူနိုင်ပါသည်။

# မွန်လွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ ကွင်းဆင်းဆောင်ရွက်

မေလ ၉ ရက်၊ ၂၀၁၇

မေလ ၉ ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီမှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ Southern Myanmar ဘောလုံးကွင်းတွင် ဟိုတယ်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ အဆိုပါကွင်းဆင်းမှုတွင် မွန်ပြည်နယ်လွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ (၈)ဦးနှင့်အတူ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ အရာရှိများ၊ Southern Myanmar F.C ဘောလုံးကွင်းမှ



တာဝန်ခံများ ပါဝင်တွေ့ဆုံဆွေးနွေးခဲ့ရာ ဆွေးနွေးမှုတွင် Southern Myanmar ဘောလုံးကွင်း၊ ဟိုတယ်လုပ်ငန်း အကောင်အထည်ဖော်မှုအား ဆွေးနွေးခြင်း၊ စစ်ဆေးကြည့်ရှုခြင်း၊ ဟိုတယ်ဆောက်လုပ်မှုအဆောက်အဦအရေအတွက်၊ အခန်းအရေအတွက် စာရင်းပြုစုပေးရန်နှင့် Southern Myanmar အသင်းမှ ဝင်ငွေရရှိမှုအခြေအနေများအား သိလိုကြောင်း ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။ *(ကိုးကား - www.monhluttaw.com)*

# သတင်းတို

■ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးအပေါ်အစည်းအဝေး(၁/၂၀၁၇)ကို မေလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တိုင်စာပစ်စာလေ့လာဆန်းစစ်ရေးအဖွဲ့၊ အဖွဲ့ဝင် ၂ ဦး ထပ်မံဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။
*(ကိုးကား - ကယားပြည်နယ်လွှတ်တော် Facebook Page)*

■ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက် (သဲကုန်းမဲဆန္ဒနယ်-၂)သည် မေလ ၁၁ ရက်နေ့တွင် ပြည်တက္ကသိုလ်၌ကျင်းပပြုလုပ်ခဲ့သည် ပြည်မြို့နယ်အတွင်း တက္ကသိုလ်(၃)ခုမှ ပါမောက္ခ၊ ဒုတိယပါမောက္ခ ဆရာကြီးများက ရှင်းလင်းတင်ပြသည့် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းနှင့်ကိုက်ညီမည့် Action plan များ ရှင်းလင်းတင်ပြပွဲကို တက်ရောက်ခဲ့ပါသည်။
*(ကိုးကား - Bago Region Hluttaw Facebook Page)*



# သတင်းဓာတ်ပုံ

ကချင်ပြည်နယ် စည်ပင်သာယာရေး ဥပဒေပြင်ဆင်မည့် မူကြမ်းစည်းအဝေးကို မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။
*(ကိုးကား - ဦးကျော်ကျော်ဝင်း Facebook Page)*

ပြည်နယ်နှင့်တိုင်းဒေသကြီး
လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်
မြန်မာသုတေသန ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉-၂၆၁၆၅၄၀၄၅

www.emref.org
www.facebook.com/emrmyanmar

# ပြည်သူများနှင့် တစ်နှစ် ၄ ကြိမ် တွေ့ဆုံမည်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်ပြော

မေ ၁၀၊ ၂၀၁၇

မော်လမြိုင်မြို့တွင် နေထိုင်ကြသည့် ပြည်သူများနှင့် တစ်နှစ်လျှင် ၄ ကြိမ် တွေ့ဆုံသွားပြီး ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များလည်း ရယူသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောကြားသည်။

ဝန်ကြီးချုပ်က "ကျွန်တော် လူထုနဲ့ ပထမဆုံးအကြိမ်တွေ့တာဖြစ်သလို နောက်ဆိုရင်လည်း မကြာခဏ ဒုတိယအကြိမ် တတိယအကြိမ် မော်လမြိုင်မှာ ရှိနေတဲ့ ပြည်သူတွေအားလုံးနဲ့ တစ်နှစ်မှာ ၄ ခါလောက်တွေ့ပြီးတော့ သဘောတူညီချက် ယူမယ်" ဟု ပြောသည်။

ပြည်သူများနှင့်တွေ့ဆုံ၍ သဘောတူညီချက်များရယူပြီး မော်လမြိုင်မြို့နှင့် မွန်ပြည်နယ် ဂုဏ်သိက္ခာများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့သူမြို့သားများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကဆိုသည်။

"တွေ့ဆုံပွဲလုပ်တာကို ကျွန်တော်တို့ သဘောကျပါတယ်။ ဒါပေမယ့် ရှင်းရှင်းလင်းလင်းသိစေချင်တာက သူ့အနေနဲ့ ပြည်သူဘာကိုသိစေချင်တာလဲ။ သူသဲသဲကွဲကွဲသိဖို့လိုတယ်။ လူတွေနဲ့တွေ့ရုံပဲလား။ တွေ့ပြီးတော့ သူပြောချင်တာပြောရုံပဲလား။ အဲဒါဆိုရင် ဒီနေ့လိုပုံစံမျိုးဖြစ်သွားလိမ့်မယ်"ဟု မော်လမြိုင်မြို့ခံ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမောင်မောင်ဇော်ထွန်းက ပြောသည်။

ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်စေချင်သည့် ဆန္ဒများရှိပါက တွေ့ဆုံပွဲတွင် ခေါင်းစဉ်တစ်ခုကိုတည်ပြီး ယင်းခေါင်းစဉ်နှင့် ပတ်သက်နေသောသူများကိုဖိတ်ခေါ်၍ လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခု ဆွေးနွေးမည်ဆိုပါက ကောင်းသည့်ရလဒ်တစ်ခု ထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် မော်လမြိုင်ပြည်သူလူထုများတွေ့ဆုံပွဲကို မေလ ၇ ရက် နံနက် ၁၀ နာရီ တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့ပြီး အလားတူပင် ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တွင်လည်း လူထုတွေ့ဆုံပွဲများပြုလုပ်ခဲ့သည်။

သို့ရာတွင် ဒေါက်တာအေးဇံသည် ဝန်ကြီးချုပ်စဖြစ်စဉ်ကာလ လွန်ခဲ့သည့် မတ်လ ၇ နေ့က ပြည်နယ်အစိုးရအဖွဲ့လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်ပြီး သတင်းမီဒီယာများအား တစ်ပတ်တစ်ကြိမ် ပုံမှန်တွေ့ဆုံရှင်းလင်းသွားမည်ဟု ပြောကြားခဲ့ပြီးနောက် ယနေ့အထိတစ်ကြိမ်မှမတွေ့ဖြစ်သေးပေ။

*(ကိုးကား-မွန်သတင်းအေဂျင်စီ http://burmese.bnionline.net/)*

# ထွေအုပ်ဝန်ထမ်း ၃၇၀ ကျော်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ရုံးများသို့ ပြောင်းရွှေ့

မေ ၁၃၊ ၂၀၁၇

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၇၂ ဦးကို တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ရုံးဝန်ထမ်းများအဖြစ် ပြောင်းရွှေ့ခန့်ထားခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်ရုံးက မေ၊ ၉ ရက် ရက်စွဲဖြင့် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

လွှတ်တော်ရုံးများရှိ လစ်လပ်နေသော လစာနှုန်းထားတူ ရာထူးနေရာများသို့ ပြောင်းရွှေ့သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့က စ၍ ပြောင်းရွှေ့ခန့်ထားကြောင်း ပြည်ထောင်စုလွှတ်တော်ရုံး၏ ညွှန်ကြားစာတွင် ဖော်ပြထားသည်။

လွှတ်တော်က သီးခြားရပ်တည်ရန် ဝန်ထမ်းအသစ်မခေါ်ယူဘဲ ကာယကံရှင်ဝန်ထမ်းများ၏သဘောထားကို မေးမြန်းကာ ရွှေ့ပြောင်းခြင်းဖြစ်ကြောင်း ထွေအုပ်မှ အရာရှိတစ်ဦးက ပြောသည်။

လွှတ်တော်တွင် တာဝန်ထမ်းဆောင်နေဆဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ အပြီးသတ်ပြောင်းရွှေ့လာခြင်းသည် လွှတ်တော်ဆိုင်ရာ ရုံးလုပ်ငန်းများ ယခင်ထက် ပိုမိုကောင်းမွန်လာနိုင်ကြောင်း နိုင်ငံရေးလေ့လာသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်သည်။

"ပြည်သူ့လွှတ်တော်တို့၊ ပြည်ထောင်စုလွှတ်တော်တို့မှာ ကိုယ့်ဝန်ထမ်းနဲ့ကိုယ် ရှိတယ်။ တိုင်းလွှတ်တော်က ထွေအုပ်ဝန်ထမ်းခေါ်ခန့်ရတဲ့အခါမှာ ပြီးခဲ့တဲ့ကာလတုန်းက ဆိုရင် လွှတ်တော်နဲ့ကျင့်သားရသွားတဲ့အချိန်မှာ တခြားသူနဲ့လဲသွားတာမျိုးတွေရှိတော့၊ ပုံမှန်လုပ်ထုံးလုပ်နည်း နည်းနာတွေ မသိကြတော့ အစကနေ ပြန်ပြီးသင်ပြနေရတာမျိုးတွေရှိခဲ့တယ်။ အခုလိုဆိုတော့ လုပ်ငန်းပိုင်းဆိုင်ရာ ပိုချောမွေ့သွားတယ်။ ပိုကောင်းသွားတယ်"ဟု ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်းက ပြောသည်။

"လွှတ်တော်အနေနဲ့ သူ့လူ သူ့ဝန်ထမ်းနဲ့ Run မှ Professional ပိုဖြစ်လာမှာ။ ကျွန်တော့်အမြင် လွှတ်တော်မှာရှိတဲ့ ထွေအုပ် ဝန်ထမ်းတွေက အတော်အဆင်ပြေပါတယ်။ ဒါပေမဲ့ အရေးရယ်အကြောင်းရယ်ဆို သစ္စာစောင့်သိမှုက ပြဿနာရှိမယ်ထင်တယ်။ သူတို့ရဲ့ တကယ်တာဝန်ခံရမှာ လွှတ်တော်မဟုတ်ဘဲ ထွေအုပ်ဆိုရင် အရေးအကြောင်းဆို ပြဿနာရှိနိုင်တယ်"ဟု တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့မှ ဦးရဲမျိုးဟိန်းက သုံးသပ်ပြောကြားသည်။

*(ကိုးကား- 7daydaily - http://www.7daydaily.com)*